# ရှားဖိုကျေးရွာ

# ကလေးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၁၇-၂၀၁၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရှားဖိုကျေးရွာ၊ ကလေးမြို့နယ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၁၈ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


စာမျက်နှာ

စကားချီး ၁

ရှားဖိုကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကလေးမြို့နယ်

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၂

**၁။ နိဒါန်း**

(က) ရည်ရွယ်ချက်

**၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၂–၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** ၃–၄

(က) လူဦးရေဆိုင်အရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား/မဆိုင်ရာဆက်နွယ်မှု

**၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ** ၄–၆

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဂအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) ခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ** ၇
(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ
(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ** ၈
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

**၇။ စီမံကိန်း၊ စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ** ၉
(က) ဦးစားပေးစီမံချက်များ
(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ**
**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**
ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား
ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား(၅) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား(၆) ဥစ္စာဓနအခြေအနေ
ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စာ စားနိုင်သည့် အိမ်ထောင်စုများ
ဇယား(၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား(၉) ကျေးရွာထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား(၁၀)ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ
**(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ**
ဇယား(၁၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား(၁၂)ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား(၁၃)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၃)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၄)ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား(၁၅)အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား(၁၆)ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား(၁၇)သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား(၁၈)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၁၉)မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား(၂၀)မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်း
ဇယား(၂၁)မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းလုပ်ငန်းများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်လမ်း၊ ပြဿနာနှင့် အခက်အခဲ

ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၉) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၃၀)မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား(၃၄) အဖြစ်များသော ရောဂါများ

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု

ဇယား(၃၈) အိမ်သာအမျိုးအစား

ဇယား(၃၉) ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

ဇယား(၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂ မှ ၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှုန လူထုအများ စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါးမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ခြင်းဖြင့် ပိုမိုကောင်းမွန်လာမှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ရက်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရှားဖိုကျေးရွာ၊ကလေးမြို့နယ်

ရှားဖိုကျေးရွာ အရင်းအမြစ်ပြမြေပုံ

(၁၅.၈.၂၀၁၈)



# ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊သတင်းအချက်အလက် များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ(၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်အချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော အရာများနှင့် ငွေကြေး ရရှိနိုင်မည့်နည်းလမ်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကလေးမြို့နယ်၊ အောင်မင်္ဂလာကျေးရွာနှင့် မုန်တောကျေးရွာ မြို့ကြီးရွာသွား ကားလမ်း ဘေးတွင် တည်ရှိပြီး သွားလာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ(၄၀)အောက်ရှိသော်လည်း မဏိပူရမြစ်မှရေလွှတ်မြောင်းများမှစိုက်ပျိုးရေးလုပ်ငန်းများ အတွက် အထောက်အကူပြုပါသည်။ ကျေးရွာတည်နေရာသည် ချင်းတောင်တန်းနှင့်နီးစပ်ပြီး ကျေးရွာ တောင်ပိုင်းတွင်တောင်များတည်ရှိကာမြေပြင်အနေအထားမှာမြေပြန့်ဖြစ်ပါသည်။လယ်ယာမြေများသည် စပါး၊ ကုလားပဲ၊ နှမ်း၊ နေကြာ ထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ရန်အတွက် အဓိက အားထားရာ ဖြစ်ပါသည်။

### ( ခ ) သဘာဝအရင်းအမြစ်များ

ကျေးရွာသည် မဏိပူရမြစ်မှ ရေလွှတ်မြောင်းများဖြင့် ရေလွှတ်ပေးပြီး စိုက်ပျိုးရေးအတွက် အကျိုးဖြစ်ထွန်းသည်။ ကျေးရွာတွင် လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့်ကောင်းပါ သည်။ မြစ်ရေသောက် စိုက်ပျိုးဧက(၁၄၄၁)ခန့်ရှိပြီး မိုးစပါးနှင့် နှမ်းသီးနှံများကို အဓိကစိုက်ပျိုးသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သံယံဇာတများမထွက်ရှိပါ။ နွားစာအတွက် မြက်များကိုလယ်ကန်သင်း များတွင် အသင့်အတင့်ရရှိနိုင်ပါသည်။ စားကျက်မြေ သီးသန့်မရှိပါ။ ဆေးဖက်ဝင်အပင်များမှာ သာမန် အားဖြင့် တွေ့ရသော အပင်များသာ ဖြစ်သည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၄၈၅)စုနှင့် ကျား(၁၀၂၀)ဦး၊ မ(၁၁၀၄)ဦး၊ လူဦးရေစုစုပေါင်း(၂၁၂၄)ဦး ရှိကာ တစ်အိမ်ထောင် ပျမ်းမျှ(၄.၁၈)နှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးအများဆုံးနေထိုင်ကြသည်။ ချင်းလူမျိုးများလည်းနေထိုင်ကြသည်။

### ( ခ ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုအဆင့်တွင် အိမ်ထောင်စု (၄၈၅)အိမ်ထောင်စုအနက် (၃၁၉)အိမ်ထောင်စုသည် ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ် သတ်မှတ်ပြီး ချမ်းသာသည့်အဆင့်မှာ (၂၄)စု၊ (၁၄၈)စုမှာ အလယ်အလတ်ရှိသော အိမ်ထောင်စုများဖြစ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုပ်မှီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် မြစ်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် စီးပွားရေးအနေအထားမှာ ကောင်းသည်ဟု ပြောနိုင်ပါသည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင်အခြားလယ်သမားအိမ်ထောင်စုများမှာလည်း လက်သမား၊ ပန်းရံ၊ ဆန်ကြိတ်၊ဆီကြိတ်၊ ဆိုင်ကယ်ပြင်စသော အသေးစားလုပ်ငန်းများလည်း ဆောင်ရွက်ကြပါသည်။ ယင်းတို့အနက် ဆင်းရဲသည့်အဆင့်မှာ ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှသာပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ မြေယာမဲ့အိမ်ထောင်စု(၂၂၇)စု ရှိပါသည်။

### ( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ နှစ်ပုံတစ်ပုံခန့်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိက ဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလက်သမားများ လုပ်ငန်း၊ လက်လီဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်၊ ဆီကြိတ်စက်လုပ်ငန်း စသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ ဇယားကို လေ့လာဆန်းစစ်မှုအရ အိမ်ထောင်စုများမှာ အစားအသောက်နပ်မှန်အောင် စားသုံးနိုင်ကြသည်။ ချေးငွေအများစုကို ပုဂ္ဂလိကချေးငွေလုပ်ငန်းများ၊ ကျေးရွာသမဝါယမအသင်းနှင့်ကျေးရွာရှိ အများပိုင်ရန်ပုံငွေများမှ ချေးယူရရှိကြသည်။ ချေးငွေများကို စားဝတ်နေရေး၊ ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

### (ဃ) ကျန်းမာရေးနှင့် အဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာ ပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ လူငယ်၊လူလတ်၊သက်ကြီးပိုင် အများစုတို့သည် တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိကြပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပြီး (၁)မိုင်ခန့်အကွာတွင်လည်း တိုက်နယ်ဆေးရုံရှိသဖြင့် ရွာသူ/သားများအနေဖြင့် ကျန်းမာရေးအဆင်ပြေပါသည်။ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမှီပါသည်။ ကျေးရွာတွင်ရေတွင်း၊ တွင်းကျယ်လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှ မြေအောက်ရေကို အလွယ်တကူ လုံလောက်စွာ ရရှိနိုင်ပြီး ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားစသော ရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရသည်။

### ( င ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်း တွေ့ရသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်(၄၉)ဦး ရှိပါသည်။ ကျေးရွာတွင် မူလတန်း၊ အလယ်တန်းထိ တက်ရောက်နိုင်သည်။ အထက်တန်းကျောင်းကို (၁)မိုင်ခန့်အကွာ တင်သားရွာတွင် တက်ရောက်နိုင်သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများမှာ အသင့်ဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့်အလုပ်အကိုင် အခွင့်အလမ်းများလည်း အသင့်အတင့်ရှိပါသည်။

(စ) ကျား၊မ ဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင် ကျား၊မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်း ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာ သတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောဆိုနိုင်သည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခ ငွေကြေးများမှာ အမျိုးသားများက ပိုမိုရရှိသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ကျား၊မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

### (က) ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၄)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ(၁)ဖွဲ့တို့ရှိပါသည်။ လူမှုရေးအဖွဲ့တွင်မူ ကျေးရွာ၏ လူမှုရေး၊ သာရေးနာရေးကိစ္စများအတွက် ဈေးဝယ်ခြမ်းရေး၊ ချက်ပြုတ်ရေး၊ ကျွေးမွေးရေးစသော လုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုများ ကောင်းမွန်သည်။ ပရဟိတအသင်းကိုလည်း ကျေးရွာမှ လူကြီးတစ်ချို့၊ လူလတ်တစ်ချို့တို့က ဦးဆောင်ပြီး လူငယ်လူရွယ်များ ပါဝင်ဖွဲ့စည်းထားကာ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများကို ဆောင်ရွက်လျှက်ရှိသည်။

### (ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေး ကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါးဧက(၁၄၄၁)ရှိပြီး သီးထပ်အဖြစ် နှမ်းသီးနှံကို စိုက်ပျိုးကြသည်။ မိုးစပါးတစ်ဧက ပျှမ်းမျှအထွက်နှုန်း(၈၀)တင်း၊ နှမ်းတစ်ဧကပျှမ်းမျှ (၄)တင်းနှုန်းထွက်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစပါး၊ စိုက်ပျိုးထုတ်လုပ်ရေး အတွက် ဆောင်ရွက်ခြင်းများရှိသည်။ သီးနှံစိုက်ခင်းများတွင် ယခုနှစ်များ ကာလစပါးဖျက်ပိုး ကျရောက်မှုကိုတွေ့ရပြီး ထိရောက်သောဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်နှင့်ဆေးဝါးတို့အတွက် စိုက်ပျိုးရေး ဦးစီးဌာနမှ အကူအညီများ လိုအပ်သကဲ့သို့ ဆောင်ရွက်မှုများလည်းရှိသည်။ ကျေးရွာတွင် လယ်ထွန်စက် အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင် ငှားရမ်းခဈေးနှုန်း ကြီးမြင့်မှုကို ရင်ဆိုင်ရသည်။ ထို့ကြောင့် ငှားရမ်းခဈေးနှုန်းသက်သာစွာ ငှားရမ်းနိုင်ရေးအတွက် လိုလားနေကြသည်။ ဂက်မွေးသူအိမ်ထောင်စု(၄၉%)ဝန်းကျင်ရှိပြီး တစ်အိမ်လျှင် (၁)၊(၂)ကောင်မျှသာ မွေးမြူကြသည်။ အိမ်ကြက်ကို ဟင်းစားအဖြစ် မွေးမြူသူ (၅၃.၄%)ခန့်သာရှိပြီး တစ်နိုင်တစ်ပိုင်မွေးမြူကြသည်။ ရာသီအလိုက်ဖြစ်ပွားသော တိရစ္ဆာန်ရောဂါများ ရံဖန်ရံခါကျရောက်တတ်သည်။ ကျေးရွာ၏ တစ်ဝက်နီးပါး တစ်နိုင်တစ်ပိုင် မွေးမြူသည့်အကောင်ရေနည်းပါးပါသည်။ ကူးစက်ရောဂါ အခါအားလျော်စွာ ကျရောက်တတ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစားဆောင်ရွက်ပြီး ဝင်ငွေရရှိလိုမှု အားနည်းကြခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းနည်းပါးသည်။ ကျေးရွာတွင် ငါးမွေးမြူရေး တစ်ကန်ရှိပါသည်။

### (ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ပန်းရံ၊ လက်သမား၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်သည်။ လုပ်ငန်း အများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် အနည်းအပါးမှ အသင့်အတင့်အနေအထားတွင် ရှိကြသည်။ ပန်းရံ၊လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့လျှင်(၈၀၀၀/-)ကျပ် ရရှိနိုင်ကြသည်။ ဆရာအဆင့်မဟုတ်ဘဲ အလုပ်သင်စလုပ်ကြသူများမှာ တစ်နေ့လျှင် (၄၀၀၀/-)ကျပ်မှ (၅၀၀၀/-)ကျပ်အထိ ရရှိကြသည်။ ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးပြီး ကျေးရွာမှ လက်သမားများအတွက်

အလုပ်အကိုင်အသင့်အတင့် ရရှိကြသည်။ စပါးနှင့်နှမ်းရိတ်သိမ်းချိန်များတွင် လုပ်အားခကို ဧကအလိုက် သတ်မှတ်ကြပြီး စပါး(၁)ဧကရိတ်သိမ်းခ (၃၅၀၀၀/-)ကျပ်မှ (၄၀၀၀၀/-)ကျပ်အထိ ရရှိပါသည်။ နှမ်းကို နေ့စားအဖြစ် တစ်နေ့လျှင် (၅၀၀၀/-)ကျပ်မှ (၆၀၀၀/-)ကျပ်အထိရသည်။ လုပ်အားခရရှိမှုနှုန်းမှာ ကျားနှင့်မ တူညီသော်လည်း ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်ပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းတစ်ချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ဝပ်လျှော့စသည်တို့တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း နိမ့်ကျကြပြီး ကျွမ်းကျင်မှုကို အခြေခံသည့်အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာတွင် စပါး၊ နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်ခြင်းမရှိဘဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ဤကျေးရွာမှ မြေနိမ့်ပိုင်းတွင် တည်ရှိ၍ ရေကြီးလျှင် ရေလျှံခြင်းဖြစ်ပေါ်တတ်သည်။ မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံမှသာ တွေ့ရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်သည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို (၁)လအတိုးနှုန်း (၇၀)ပြားတိုး၊ (၁)ဧက(၁၅၀၀၀၀/-)ကျပ်နှုန်းဖြင့် အများဆုံး (၁၀)ဧကအတွက် ချေးယူနိုင်သည်။ ကျေးရွာတွင် သမဝါယမချေးယူသူ၊ အိမ်ရှင်မငွေ၊ အသေးစားငွေချေးလုပ်ငန်းများတွင်လည်း ချေးယူနိုင်သည်။ ပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့များတွင် ချေးငွေကို (၁၂)လအထိ ချေးယူနိုင်ပြီး ဝန်ကြီးချုပ်စနစ်ဖြင့် ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာ စည်းကမ်းပိုင်းတွင် တင်းကြပ်ထားသည်။ ကျေးရွာရန်ပုံငွေအဖွဲ့ကို ကျေးရွာမှ အလှူရငွေများဖြင့် လည်ပတ်လျှက်ရှိပြီး ကျေးရွာသားများ အထူးသဖြင့် လက်လုပ်လက်စားများကို ထုတ်ချေးသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြသည်။

## (စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် စာသင်ကျောင်းဆောင်နှစ်ဆောင်ရှိပါသည်။ ချယ်ရီဆောင်နှင့် စိန်ပန်းဆောင်ဟူ၍ ရှိပါသည်။ စိန်ပန်းဆောင်ကို ၁၉၉၃ခုနှစ်တွင် ဆောက်လုပ်ခဲ့ပါသည်။ စိန်ပန်းဆောင်သည် (၂၀၄)ပေ၊ (၃၀)ပေ၊ (၁၂)ပေရှိ၍ တစ်ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ သွပ်မိုး၊ အုတ်နံရံကာ အုတ်ခင်းတမံတလင်းခင်းဖြစ်ပါသည်။ ယခုအခါ စိန်ပန်းဆောင်ကို မူလတန်းကျောင်းသား၊ကျောင်းသူများကို ထားရှိသည်။ ချယ်ရီဆောင်ကို (၁၂၀)ပေ၊ (၃၀)ပေ၊ (၂၃)ပေရှိသော နှစ်ထပ်ကျောင်းဆောင်ဖြစ်သည်။ ကျောင်းသား/သူများအတွက် စာသင်ရန် နေရာအဆင်ပြေသော်လည်း ဆရာ၊ဆရာမ နေအိမ်များမှာ လုံလောက်မှုမရှိသေးကြောင်း တွေ့ရသည်။ ကျေးရွာ၏ (၉၂.၅%)မှာ ရေးတတ်ဖတ်တတ်ကြသည်။ မူလတန်း၊အလယ်တန်း အောင်ချက်ရာခိုင်နှုန်းလည်း မြင့်မားသည်။ ကျောင်းရှိ မူလတန်း၊ အလယ်တန်းကျောင်းသားဦးရေသည် ကျေးရွာရှိ မူ၊လယ်ကျောင်းနေဦးရေထက် အနည်းငယ် ပိုနေကြောင်း တွေ့ရသည်။ ထိုသို့ပိုနေရခြင်းမှာ တစ်ခြားရွာမှ လာရောက်တက်နေသော ကျောင်းသား/သူဦးရေ အနည်းငယ်မျှရှိနေခြင်းကြောင့်လည်း ဖြစ်သည်။ မူလတန်း၊အလယ်တန်းအောင်ချက်မြင့်မားသည်။ ကျောင်းတွင် ယခုနှစ် ကျောင်းသား/သူ ဦးရေ(၃၂၅)ဦးရှိပါသည်။ ပြီးခဲ့သော နှစ်များအပါအဝင် ယခုနှစ်တွင်လည်း ကျောင်းသူ/သားများကို ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်း စာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့ပါသည်။ ရွာသူ/သားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့မှာ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းလည်းရှိသည်။ ရွာအနီး (၁)မိုင်ခန့် အကွာတွင်လည်း တင်သားတိုက်နယ်ဆေးရုံလည်းရှိသည်။ ဆေးဆိုင်များလည်းရှိပြီး စနစ်တကျ

သိုလှောင်ထားကြောင်းလည်း တွေ့ရသည်။ ကျန်းမာရေးအတွက် အဆင်ပြေကြောင်း တွေ့ရသည်။ သောက်ရေအတွက် လက်နှိပ်တုံကင်နှင့်မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး ရေလုံလောက်မှု ရှိသည်။တစ်ရွာလုံးယင်လုံအိမ်သာသုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သောရောဂါဖြစ်ပွားမှု နည်းသည်။ စာသင်ကျောင်းတွင်လည်း အိမ်သာမှာစနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သား များအတွက် အသုံးပြုရန် လွယ်ကူသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် မြောင်းတူး၊ လမ်းဖောက်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများရှိသည်။

**(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး**

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော်လည်း မြေသားကျောက်ခင်းလမ်းကို ကွန်ကရစ်လမ်း အဖြစ် ခင်းပေးရန် ကျေးရွာသူ/သားများက လိုလားနေကြပါသည်။ ရေလမ်းခရီးအသုံးမပြုဘဲ လမ်းပန်း ဆက်သွယ်ရေးအတွက် စက်ဘီး(၃၇၀)စီး၊ ဆိုင်ကယ်(၃၇၁)စီး၊ သုံးဘီးဆိုင်ကယ်(၁)၊ ထော်လာဂျီ/ကား (၂၁)စီး၊ နွားလှည်း(၁၇၃)စီးတို့ကို အသုံးပြုလျှက်ရှိကြသည်။ လျှပ်စစ်(မဟာဓါတ်အားလိုင်း)ကို မသုံးစွဲ နိုင်ကြသေးပါ။ ဆိုလာဖြင့် အသုံးပြုများကြသည်။ တစ်ချို့ မီးအိမ်တို့အသုံးပြုသူများလည်းရှိသည်။ ဆက်သွယ်ရေးအတွက် မိုဘိုင်းဖုန်းများကို အသုံးပြုကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်း အသုံးပြု နေကြပြီးဖြစ်သည်။ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်ကောင်းမွန်သည်။တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ ကောင်းမွန်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပါသည်။ ရွာသားများတွင် မူးယစ်ဆေးဝါး သုံးစွဲသူ အနည်းငယ်ရှိပြီး၊ ကျေးရွာတွင် လုံခြုံရေးအားနည်းသဖြင့် အဖိုးတန်ပစ္စည်းမဟုတ်သော်လည်း အနည်းငယ်ပစ္စည်းများ မကြာခဏပျောက်တတ်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် သဘာဝဘေး အန္တရာယ်လျှော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရဲစခန်းသို့ အလွယ်တကူချိတ်ဆက် နိုင်ပြီး ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ**

ရှားဖိုကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင်ရှိပြီး လမ်းပမ်းဆက်သွယ်ရေး အနည်းငယ်ကောင်းမွန်မှုရှိပြီး သွားလာရေးလွယ်ကူပါသည်။ ရွာချင်းဆက်လမ်းမှာတော့ အထူး ကောင်းမွန်သည်ဟု မဆိုနိုင်ပါ။ ရှားဖိုကျေးရွာနှင့် အနီးဆုံးဈေးမှာ နတ်ချောင်းကျေးရွာတွင် ရရှိနိုင်ပါ သည်။ အရေးပေါ်လိုအပ်ပါက ကလေးမြို့သို့ သွားရောက်ဝယ်ယူနိုင်သည်။ ကျေးရွာလူဦးရေအားလုံး၏ (၇၂%)မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်မှာ အတင့်အသင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်း ဖြင့် လူ့အရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေ မှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုတို့လည်း အလွယ် တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာအတွင်းတွင် ကျေးရွာပြင်ပနှင့်အတွင်းမှ အဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်းများများ အတော်အသင့်ရှိပြီး အဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုမှာလည်း အသင့်အတင့်ကောင်းမွန်သည်။ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးစရိတ်ချေးငွေများကြောင့် တောင်သူများ ငွေကြေးလည်ပတ်မှု ချောင်လည်စေပါသည်။ သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဒေသဖြစ်ပြီး မြေဆီသြဇာအသင့်အတင့်ကောင်းမွန်ကြသည်။ တောင်သူများသည် လယ်ယာ ထွက်ကုန်များကို အသင့်အတင့်သယ်ယူပို့ဆောင် ရောင်းချနိုင်သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုမရှိသလောက်နည်းပါးသည်။ရပ်ရွာတည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု ကို ချောမွေ့စေသည်။ မိုဘိုင်းဆက်သွယ်ရေးကို မိုဘိုင်းနှင့်အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက်

လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ လူမှုရေးပရဟိတအသင်းအဖွဲ့များရှိပြီး၊ ကျန်းမာရေးနှင့်အခြား လူမှုရေးကိစ္စအဝဝအား ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးကြသည်။

**( ခ ) အဟာန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာအနေအထားအရ အဟာန့်အတားစိန်ခေါ်မှုများ အများအပြားမတွေ့ရပေ။ ကျေးရွာအခြေပြု လူထုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှုအနည်းငယ် အားနည်းနေကြောင်းတွေ့ရသည်။ ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုများသဖြင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ လူမှုရေးများ နှောင့်နှေးကြန့်ကြာမှုများရှိသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားသည်-

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်း၊ တံတားကောင်းမွန်အောင် ဖန်တီးခြင်း၊ အလုပ်အကိုင်များ ဖန်းတီးခြင်း၊ သက်မွေးပညာသင်တန်းများမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ကောင်းမွန်စေရမည်။

(၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှုဆိုင်ရာနှင့် ဝန်ထမ်းအိမ်ရာတိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သား ပညာရည်မြင့်မားပြီး လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှုဘဝ တိုးတက်ကောင်းမွန်လာစေရမည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည် စိုက်ပျိုးရေးနှင့် ပတ်သက်၍ ရေလွှဲမြောင်းပြုပြင်ဆောင်ရွက်ခြင်း (ရင်းရှည်းမြောင်းနှင့် မှန်တောမြောင်းကို လွှဲရန်)ဖြင့် စပါးသီးနှံများ ပျက်စီးခြင်းမရှိဘဲ အထွက်နှုန်း မြင့်မားလာနိုင်သည်။

**( ခ ) အကောင်အထည်ဖော် နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(၁) ကျေးရွာတွင် ကျေးရွာတံတားနှင့် ရွာချင်းဆက်လမ်းများတိုးတက်ကောင်းမွန်ရေအတွက် ဆောင်ရွက်သွားကြမည်။ ကျောင်းဝန်ထမ်းအိမ်ရာ တိုးချဲ့ဆောင်ရွက်ရန်လည်း ပြုလုပ်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်ဖြစ်သည်။

(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်(မဟာဓါတ်အားလိုင်း)ကိုလည်း ဆောင်ရွက်ရန် ဆန္ဒရှိသည်။ စာသင်ကျောင်းဝင်းအား အုတ်တံတိုင်းခြံခတ်ရန်အတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၇။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာ

**( က ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး

အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ဦးစားပေးစီမံချက်များ**

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာအဆောက်အအုံ | ၁။ ကျေးရွာ၏ ရွာချင်းဆက် အဓိကလမ်းတံတားကို ကွန်ကရစ်တံတားအဖြစ် ပြုပြင်ဆောက်လုပ်ရန် | ၅၀ | ၁ | ကျေးရွာ ရွာချင်းဆက် တံတားတည်ဆောက် ခြင်း။ | ကျေးလက်ဦးစီးဌာန |
| ပညာရေး | ၂။ ဝန်ထမ်းအိမ်ယာဆောက်လုပ်ရန်၊ ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရန် | ၄၃ | ၂ | စာသင်ကျောင်း ဝန်ထမ်းအိမ်ရာ တိုးချဲ့ဆောက်လုပ် ခြင်း | |
| လမ်း | ၃။ ကျေးရွာ၏ရွာချင်းဆက် လမ်းကို မြေသားလမ်း အဖြစ်မှ ကွန်ကရစ်လမ်း အဖြစ်သို့ ပြုပြင်ရန် | ၃၅ | ၃ | ကျေးရွာချင်းဆက် လမ်းကို မြေသား လမ်းအဖြစ်မှကွန် ကရစ်လမ်းအဖြစ် သို့ ပြုလုပ်ခြင်း | |
| စိုက်ပျိုးရေး | ၄။ ရေလွှဲမြောင်းပြုပြင် ဆောင်ရွက်ရန်(ရင်းရှည် မြောင်းနှင့်မုန်တော မြောင်းကို လွှဲရန်။ | | | | |
| လျှပ်စစ်မီး | ၅။ လျှပ်စစ်မီးရရှိရေးမဟာဓါတ် အားလိုင်း | ၂၅ | ၅ | လျှပ်စစ်မီးမဟာဓါတ် အားလိုင်းရရှိနိုင်ရေး | |
| ပညာရေး | ၆။ ကျောင်းဝင်းအုတ်တံတိုင်း ခတ်ရေး | ၁၄ | ၆ | ကျောင်းဝင်းအုတ်တံ တိုင်း ခတ်ရန်။ | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာချင်း ကွန်ကရစ်တံတားဆောက်လုပ်ခြင်း | ၁ | ✓ | | | | |
| ၂။ ပညာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း | ၂ | | ✓ | | | |
| ၃။ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းဖောက်လုပ်ခြင်း | ၃ | | | ✓ | | |
| ၄။ ရေလွှဲမြောင်းပြုပြင်ဆောင်ရွက်ခြင်း | ၄ | | | | ✓ | |
| ၅။ လျှပ်စစ်မီးရရှိရေး(မဟာဓာတ်အားလိုင်း) | ၅ | | | | | ✓ |
| ၆။ ကျောင်းဝင်အုတ်တံတိုင်းခတ်ခြင်း | ၆ | | | | | ✓ |

### တင်သားကျေးရွာအုပ်စု၊ရှားဖိုကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဘညို | ဦးပါးတိုး | ၅/ကလထ(နိုင်)၀၈၇၄၃၆ | ၅၉ | ဥက္ကဋ္ဌ | ၀၉–၈၇၂၅၆၀၁၃၁ |
| ၂ | ဦးသုတ | ဦးဘတုတ် | ၅/ကလထ(နိုင်)၁၃၈၄၃၉ | ၄၀ | အတွင်းရေးမှူး | ၀၉–၂၅၇၇၇၁၆၉၇ |
| ၃ | ဒေါ်နွယ်နွယ်ဝင်း | ဦးချစ်ကျော် | ၅/ကလထ(နိုင်)၀၅၁၀၈၂ | ၃၆ | စာရင်းကိုင် | ၀၉–၂၆၅၆၆၅၆၀၀ |
| ၄ | ဦးထွန်းထွန်းမြင့် | ဦးသိန်းစိန် | ၅/ကလထ(နိုင်)၁၇၅၇၇၆ | ၃၆ | ဘဏ္ဍာရေးမှူး | ၀၉–၇၉၃၀၄၈၉၇၀ |
| ၅ | ဦးလင်းအောင် | ဦးဘညို | ၅/ကလထ(နိုင်)၁၃၂၃၇၄ | ၃၆ | သော့ကိုင်(၁) | ၀၉–၇၇၁၈၄၆၃၃၃ |
| ၆ | ဦးချမ်မှုန်း | ဦးနီဒွန်း | ၅/ကလထ(နိုင်)၀၈၇၁၁၃ | ၅၀ | သော့ကိုင်(၂) | ၀၉–၄၂၆၇၂၁၄၁၃ |
| ၇ | ဦးငွေမြတ် | ဦးကျော်မောင် | ၅/ကလထ(နိုင်)၀၈၇၄၂၅ | ၅၈ | အဖွဲ့ဝင် | ၀၉–၄၂၀၇၂၁၉၄၇ |
| ၈ | ဦးဘတင် | ဦးမြထွား | ၈/ဂဂန(နိုင်)၀၅၁၀၈၂ | ၄၃ | အဖွဲ့ဝင် | ၀၉–၂၅၈၆၇၈၂၂၁ |
| ၉ | ဦးအောင်သောင်း | ဦးဘရှင်း | ၅/ကလထ(နိုင်)၀၈၇၆၁၂ | ၅၈ | အဖွဲ့ဝင် | ၀၉–၂၅၉၁၅၃၉၁၅ |
| ၁၀ | ဦးဖိုင်ကျုံး | ဦးပါးကပ် | ၅/ကလထ(နိုင်)၀၈၇၅၄၈ | ၅၆ | အတွင်းရေးမှူး | ၀၉–၇၈၅၉၁၄၈၈၂ |
| ၁၁ | ဒေါ်တင်လေးထွေး | ဦးသာငို | ၅/ကလထ(နိုင်)၂၇၂၅၆၄ | ၂၃ | အဖွဲ့ဝင် | ၀၉–၂၅၈၃၆၀၄၀၂ |

## ရှားဖိုကျေးရွာ၊ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား(ဖွံ့ဖြိုးရေးကွင်းဆက်)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | စီမံချက် |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင် ဆက်သွယ်ရေး ခက်ခဲခြင်း | ကျေးရွာချင်းဆက် တံတားမကောင်းခြင်း | ကျေးရွာမှ လိုအပ်သည်များ ကူညီရန် အဆင်သင့်ရှိခြင်း | နည်းပညာနှင့် ဦးဆောင်မှု လိုအပ်ခြင်း ရန်ပုံငွေအားနည်းခြင်း | ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်းကာလိုအပ်သည်များပူးပေါင်း၍အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ကျေးရွာချင်းကွန်ကရစ်တံတား ဆောက်လုပ်ခြင်း |
| ၂ | ကျေးရွာတွင် တာဝန်ကျ ဆရာမများအတွက် နေရာထိုင်ခဲ ခက်ခဲခြင်း | ကျေးရွာတွင် ပညာရေးဝန်ထမ်းအိမ်ရာ မရှိခြင်း | ကျေးရွာမှ စည်းလုံးမှု အားကောင်းပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်နိုင်ခြင်း | ဦးဆောင်မည့်သူနှင့် နည်းပညာအားနည်းခြင်း | ပညာရေးဌာနနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ခြင်း | ပညာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၃ | ကျေးရွာအချင်းချင်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ကျေးရွာချင်းဆက် လမ်းများမကောင်းခြင်း | ကျေးရွာများမှ ရွာချင်းဆက်လမ်းအား ကျေးရွာချင်း ပူးပေါင်း ဆောင်ရွက်ရန် စိတ်အား ထက်သန်မှု ရှိခြင်း | နည်းပညာနှင့် ရန်ပုံငွေ အားနည်းခြင်း | ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း၍ လိုအပ်သည်များ ဝိုင်းဝန်းကူညီ ဆောင်ရွက်ခြင်း | ကျေးရွာချင်းဆက်ကွန်ကရစ်လမ်း ဖောက်လုပ် ခြင်း |
| ၄ | လယ်ယာစိုက်ပျိုးရေး ကဏ္ဍ တိုးတက်မှု အားနည်းခြင်း | လယ်ယာအတွက် ရေလွှဲမြောင်း များ ပြုပြင်ရန် လိုအပ်ခြင်း | ကျေးရွာလူထု စည်းလုံးမှု ရှိခြင်း၊ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိခြင်း | နည်းပညာနှင့် ရန်ပုံငွေ အားနည်းခြင်း | ကျေးရွာမှ ဆည်မြောင်းဌာနသို့ တင်ပြ၍ လိုအပ်သည်များ ပူးပေါင်း ဆောင်ရွက်ခြင်း | ရေလွှဲမြောင်းပြုပြင်ဆောင်ရွက်ခြင်း |
| ၅ | လူနေမှု အဆင့်အတန်း နိမ့်ကျခြင်း | ကျေးရွာတွင် မဟာဓာတ်အားလိုင်း မီးမရရှိခြင်း | ကျေးရွာလူထု မှ မီးရရှိရေး အစွမ်းကုန် ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိခြင်း | ဦးဆောင်မည့်သူမရှိခြင်း၊ရန်ပုံငွေ အားနည်းခြင်း | ကျေးရွာလူထု အစည်းအဝေးများ ပြုလုပ်၍ ရန်ပုံငွေစုဆောင်းခြင်း ၍ လျှပ်စစ်ဦးစီးဌာနနဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်း | လျှပ်စစ်မီးရရှိရေး (မဟာဓာတ်အားလိုင်း) |
| ၆ | ကျောင်းဝင်းလုံခြုံ မှု အားနည်းခြင်း | ကျောင်းဝင်းအုတ်တံတိုင်းမရှိခြင်း | ကျေးရွာမှ လုပ်အားပါဝင်ကူညီနိုင်ခြင်း | နည်းပညာအားနည်းခြင်း၊ရန်ပုံငွေ အားနည်းခြင်း | ပညာရေးဌာနနှင့် တိုင်ပင်ကာ လိုအပ်သည်များ ဆောင်ရွက်ခြင်း၊ ရန်ပုံငွေများ စုဆောင်းခြင်း | ကျောင်းဝင်းအုတ်တံတိုင်းခတ်ခြင်း |

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၇ | ၁၃ | ၃၀ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၆၃ | ၄၈ | ၁၁၁ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၈၃ | ၉၃ | ၁၇၆ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၇၃ | ၈၇ | ၁၆၀ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၄၉ | ၇၉၉ | ၁၅၄၈ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၅ | ၆၄ | ၉၉ |
| **စုစုပေါင်း** | | ၁၀၂၀ | ၁၁၀၄ | ၂၁၂၄ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၄၈၅ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ရွာတွင်နို့စို့အရွယ်ကလေးမှာ၃၀ယောက်ရှိပြီးတရွာလုံးလူဦးရေ၏ (၁.၄%) ရှိပါသည် ။ ၅နှစ်အောက်ခလေးမှာတစ်ရွာလုံးလူဦးရေ၏ (၅.၂%).ရှိပါသည်။ မူလတန်းအရွယ်ကလေးမှာတစ်ရွာလုံးလူဦးရေ၏ (၈.၂%)ရှိပါသည်။အလယ်တန်းအရွယ်ကလေးမှာတစ်ရွာလုံးလူဦးရေ၏ (၇.၅)%ရှိပါသည်။အလုပ်လုပ်နိုင်သည့်ကလေးမှာတစ်ရွာလုံး၏ (၇.၅)%ရှိပါသည်။ သက်ကြီးရွယ်အိုအရွယ်များမှာ တစ်ရွာလုံး၏ (၄.၆)%ရှိပါသည်။အိမ်ထောင်စုဦးရေမှာ၄၈၅ဦးဖြစ်ပြီးလူဦးရေစုစုပေါင်းမှာ၂၁၂၄ယောက်ဖြစ်သည်။ ယောကျ်ားလေးနှင့်မိန်းခလေးဦးရေမှာ အနည်းငယ်သာကွာဟမှုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၅၈ | ၄၅၆ | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၂၅ | ၂၄၈ | | မြင့် ☐ လတ် ♓ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂၃၈ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၇ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၆ | ၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၃ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၅ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၁၀ | ၁၄ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၈ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၅၆ | ၈၄ | ၆ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | စုစုပေါင်း | ၄၈၅ | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ **လယ်ယာစိုက်ပျိုးရေးကိုယ်ပိုင်လုပ်ကိုင်နေသောအိမ်ထောင်စုမှာ၂၅၈ရှိ၍လုပ်ကိုင်သူဦးရေမှာ၄၅၆ယောက်ရှိပါသည်။တောင်သူမြေအငှားလုပ်ကိုင်နေကြသောအိမ်ထောင်စု၁၅၂ရှိ၍လုပ်ကိုင်သူဦးရေမှာ၂၄၈ယောက်ရှိပါသည်။တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကိုစီးပွားဖြစ်မလုပ်ကိုင်ကြပါ။နွားများကိုခိုင်းရန်အတွက်သာမွေးမြူကြသည်။ကြက်များကိုစီးပွားဖြစ်မမွေးမြူကြပါ။ဝက်များကိုတစ်နိုင်တစ်ပိုင်မွေးမြူသူ၂၃၈ဦး ’ ရှိပြီးစီးပွားဖြစ်မွေးမြူသူမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများဖြစ်သည့်ကုန်စုံဆိုင်များ၊စက်ချုပ်လုပ်ငန်းများလည်းလုပ်ကိုင်ကြပါသည်။**

